**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကာကွယ်ရေးဝန်ကြီးဌာန**

# ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများ

**နေရာ၊** နေပြည်တော် ။

**ရက်စွဲ၊** ၂၃ - ၁ - ၂၀၂၅ ။

# ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကာကွယ်ရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ( ၂ / ၂၀၂၅ )

၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနသည် ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ ၃၂ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အောက်ပါ နည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

### အခန်း(၁)

### အမည်နှင့်အဓိပ္ပာယ်ဖွင့်ဆိုချက်များ

၁။ ဤနည်းဥပဒေများကို **ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသည့် စကားရပ်များသည် ပြည်သူ့စစ်မှုထမ်းဥပဒေတွင် ပါရှိသည့် စကားရပ်များအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည်ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ ပြည်သူ့စစ်မှုထမ်းဥပဒေကို ဆိုသည်။

(ခ) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ဂ) **နိုင်ငံသား** ဆိုသည်မှာ ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းရမည့် အရွယ်ရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားကို ဆိုသည်။

(ဃ) **နိုင်ငံ့ဝန်ထမ်း** ဆိုသည်မှာ ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်၏ ဖွဲ့စည်းပုံပါ ရာထူး တစ်ခုခုတွင် ခန့်အပ်ခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဥပဒေပါကိစ္စအလို့ငှာ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ အကျုံးဝင်ခြင်းမရှိစေရ။

(င) **အလုပ်သမား** ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် အလုပ်သမားကို ဆိုသည်။

(စ) **အလုပ်ရှင်** ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် အလုပ်ရှင်ကို ဆိုသည်။

(ဆ) **ဗဟိုအဖွဲ့** ဆိုသည်မှာ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ကို ဆိုသည်။

( ဇ ) **နေပြည်တော်အဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ကို ဆိုသည်။

( ဈ ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ကို ဆိုသည်။

(ည) **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖွဲ့** ဆိုသည်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ကို ဆိုသည်။

( ဋ ) **ခရိုင်အဖွဲ့** ဆိုသည်မှာ ခရိုင်ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ကို ဆိုသည်။

( ဌ ) **မြို့နယ်အဖွဲ့** ဆိုသည်မှာ မြို့နယ်ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ကို ဆိုသည်။

( ဍ ) **ဆေးစစ်ဆေးရေးဘုတ်အဖွဲ့** ဆိုသည်မှာ ပြည်သူ့စစ်မှုထမ်းရန် ဆင့်ခေါ်ခြင်းခံရသူများအား ဆေးစစ်ဆေးရန် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးက ဖွဲ့စည်းပေးသည့် တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့ကို ဆိုသည်။

( ဎ ) **မှတ်ပုံတင်ရန်ဆင့်ခေါ်စာ**ဆိုသည်မှာ ပြည်သူ့စစ်မှုထမ်းရမည့် အသက်အရွယ်ရောက်သည့် နိုင်ငံသားများအား ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ(က)အရ မှတ်ပုံတင်ရန် မြို့နယ်အဖွဲ့က ပုံစံ(၂)ဖြင့် အကြောင်းကြားသည့် စာကိုဆိုသည်။

(ဏ) **ဆေးစစ်ဆေးရန်ဆင့်ခေါ်စာ** ဆိုသည်မှာ ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် အသက်အရွယ်ရောက်ပြီး မှတ်ပုံတင်လက်မှတ်ရရှိထားသည့် နိုင်ငံသားများအား ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ(ခ)အရ ဆေးစစ်ဆေးရန် မြို့နယ်အဖွဲ့က ပုံစံ(၆)ဖြင့် အကြောင်းကြားသည့်စာကို ဆိုသည်။

(တ) **အမိန့်စာ** ဆိုသည်မှာ မြို့နယ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် ဥပဒေပုဒ်မ ၁၀(က) အရ ပုံစံ(၁၀)ဖြင့် ဆင့်ခေါ်သည့်အမိန့်စာကို ဆိုသည်။

(ထ) **စာရင်းပြုစုရေးအဖွဲ့** ဆိုသည်မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက မြို့နယ်အဖွဲ့သို့ ပေးပို့ရမည့် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် စစ်မှုထမ်း ရမည့် အသက်အရွယ်ရောက်သူများစာရင်းကို ကောက်ယူပြုစုရန် မြို့နယ်အဖွဲ့က ဖွဲ့စည်းပေးသည့်အဖွဲ့ ကို ဆိုသည်။

(ဒ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများပါ ပုံစံကို ဆိုသည်။

(ဓ) **အသက်မွေးဝမ်းကျောင်းဆိုင်ရာဘွဲ့** ဆိုသည်မှာ သက်ဆိုင်ရာဝန်ကြီးဌာနက အသက်မွေးဝမ်းကျောင်းဆိုင်ရာဘွဲ့အဖြစ် သတ်မှတ်ထားသည့် သက်ဆိုင်ရာ တက္ကသိုလ်တစ်ခုခုက ချီးမြှင့်သော ဘွဲ့တစ်ခုခုကို ဆိုသည်။

## အခန်း (၂)

## ပြည်သူ့စစ်မှုထမ်းရန်အသက်နှင့် ကာလတွက်ချက်ခြင်း

၃။ (က) စစ်မှုထမ်းရမည့် အသက်အရွယ်ကို စိစစ်ရာတွင် အပြည်ပြည်ဆိုင်ရာ ပြက္ခဒိန်အရ စိစစ်ရမည်။

(ခ) စစ်မှုထမ်းရမည့်ကာလအပိုင်းအခြားကို ရေတွက်ရာတွင် ပြည်သူ့စစ်မှုထမ်းအဖြစ် လက်ခံခွင့်ပြုသည့်နေ့မှ စတင်ရေတွက်ရမည်။

**ရှင်းလင်းချက်**။ လက်ခံခွင့်ပြုသည့်နေ့ဆိုသည်မှာ ပြည်သူ့စစ်မှုထမ်းအဖြစ် စာရင်းသွင်းဝင်ရောက်ရန် တပ်ဝင်စာချုပ်ချုပ်ဆိုရမည့် နေ့ရက်ဖြစ်သည့် သင်တန်းစတင်ဖွင့်လှစ်သည့်နေ့ရက်ကို ဆိုလိုသည်။

## အခန်း(၃)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ အဆင့်ဆင့် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဗဟိုအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(၁) ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
ကာကွယ်ရေးဝန်ကြီးဌာန

(၂) ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) — ဒုတိယဥက္ကဋ္ဌ
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

(၃) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(၄) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

| | | |
|---|---|---|
| (၅) | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ပြည်ထောင်စုဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ပြည်ထောင်စုဝန်ကြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ပြည်ထောင်စုဝန်ကြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ပြည်ထောင်စုဝန်ကြီး အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ပြည်ထောင်စုဝန်ကြီး ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ပြည်ထောင်စုဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | ပြည်ထောင်စုဝန်ကြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | စစ်ထောက်ချုပ် စစ်ထောက်ချုပ်ရုံး | အဖွဲ့ဝင် |
| (၁၄) | စစ်ဥပဒေချုပ် စစ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (၁၅) | တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး | အဖွဲ့ဝင် |
| (၁၆) | ညွှန်ကြားရေးမှူး ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး | အဖွဲ့ဝင် |

(၁၇) စစ်ရေးချုပ် အတွင်းရေးမှူး

စစ်ရေးချုပ်ရုံး

(၁၈) ညွှန်ကြားရေးမှူး တွဲဖက်အတွင်းရေးမှူး

ပြည်သူ့စစ်နှင့်နယ်ခြားတပ်များညွှန်ကြားရေးမှူးရုံး

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဗဟိုအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဗဟိုအဖွဲ့၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နေပြည်တော်အဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖွဲ့၊ ခရိုင်အဖွဲ့နှင့် မြို့နယ်အဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းကြပ်မတ်ခြင်း။

(ခ) ပြည်သူ့စစ်မှုထမ်းရန်ဆင့်ခေါ်ခြင်းခံရသူများအား ဆေးစစ်ဆေးခြင်းကို ဆေးစစ်ဆေးရေးဘုတ်အဖွဲ့များဖြင့် ဆောင်ရွက်ခြင်း။

(ဂ) ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုရန်ဖြစ်စေ၊ ပြည်သူ့စစ်မှုထမ်းရမည့်ကာလအပိုင်းအခြားကို လျှော့ပေါ့ပေးရန်ဖြစ်စေ၊ သီးခြားဖော်ပြထားသည့်ကာလအပိုင်းအခြားတစ်ခုအထိ ရွှေ့ဆိုင်းရန်ဖြစ်စေ လျှောက်ထားမှုများနှင့်စပ်လျဉ်း၍ စိစစ်ဆောင်ရွက်ခြင်း။

(ဃ) ဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ(င)အရ အခြားကင်းလွတ်ခွင့် ပြုထိုက်သူများကို လိုအပ်သလို အမိန့်ထုတ်ပြန်ပေးခြင်း။

(င) လိုအပ်ပါက လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးခြင်း။

(စ) လိုအပ်သောနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်နိုင်ရေးအတွက် အကြံပြုခြင်း။

(ဆ) လိုအပ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနများအား တာဝန်ပေးအပ် ဆောင်ရွက်ခြင်း။

(ဇ) ပြည်သူ့စစ်မှုထမ်းခြင်းဆိုင်ရာ အသိပညာပြန့်ပွားရေးလုပ်ငန်းများကို စီမံဆောင်ရွက်ခြင်း။

၆။ ဗဟိုအဖွဲ့သည် နေပြည်တော်အဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

| | |
|---|---|
| (က) နေပြည်တော်ကောင်စီဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (ခ) ဒုတိယတိုင်းမှူး<br>နေပြည်တော်တိုင်းစစ်ဌာနချုပ် | ဒုတိယဥက္ကဋ္ဌ(၁) |
| (ဂ) နေပြည်တော်ကောင်စီဝင်၊ အဖွဲ့ဝင် ၁ | ဒုတိယဥက္ကဋ္ဌ(၂) |
| (ဃ) နေပြည်တော်ကောင်စီဝင်၊ အဖွဲ့ဝင် ၃ | အဖွဲ့ဝင် |
| (င) ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) ဦးစီးမိုလ်မှူးကြီး(စစ်ရေး)<br>နေပြည်တော်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဆ) ရဲတပ်ဖွဲ့မှူး<br>နေပြည်တော်ရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဇ) နေပြည်တော်ကောင်စီဦးစီးမှူး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) အုပ်ချုပ်ရေးမှူး<br>နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အတွင်းရေးမှူး |

၇။ နေပြည်တော်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ခရိုင်အဖွဲ့မှ တင်ပြလာသော လျှောက်လွှာများအပေါ် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ဗဟိုအဖွဲ့သို့ ဆက်လက်တင်ပြခြင်း။

(ခ) ပြည်သူ့စစ်မှုထမ်းရန်ဆင့်ခေါ်ခြင်းခံရသူများအား ဆေးစစ်ဆေးရေး ဘုတ်အဖွဲ့များက ဆေးစစ်ဆေးရာတွင် ပူးပေါင်းဆောင်ရွက်ခြင်း။

(ဂ) ဗဟိုအဖွဲ့ကချမှတ်ပေးထားသော ရည်မှန်းချက်တာဝန်များကို သတ်မှတ်ကာလအတွင်း အောင်မြင်အောင်ဆောင်ရွက်ခြင်းနှင့် ခရိုင်အဖွဲ့၊ မြို့နယ်အဖွဲ့တို့ကို ကြီးကြပ်ခြင်း။

(ဃ) ဗဟိုအဖွဲ့ကပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၈။ ဗဟိုအဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

| | |
|---|---|
| (က) ဝန်ကြီးချုပ်<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) ဒုတိယတိုင်းမှူး | ဒုတိယဥက္ကဋ္ဌ(၁) |
| (ဂ) လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ(၂) |
| (ဃ) လူမှုရေးရာဝန်ကြီး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ် | အဖွဲ့ဝင် |
| (စ) ဦးစီးဗိုလ်မှူးကြီး (စစ်ရေး)<br>သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဆ) ရဲတပ်ဖွဲ့မှူး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဇ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) အုပ်ချုပ်ရေးမှူး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အတွင်းရေးမှူး |

၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖွဲ့ သို့မဟုတ် ခရိုင်အဖွဲ့မှ တင်ပြလာသော လျှောက်လွှာများအပေါ် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ဗဟိုအဖွဲ့သို့ ဆက်လက်တင်ပြခြင်း။

( ခ ) ပြည်သူ့စစ်မှုထမ်းရန်ဆင့်ခေါ်ခြင်းခံရသူများအား ဆေးစစ်ဆေးရေးဘုတ်အဖွဲ့များက ဆေးစစ်ဆေးရာတွင် ပူးပေါင်းဆောင်ရွက်ခြင်း။

( ဂ ) ဗဟိုအဖွဲ့က ချမှတ်ပေးထားသော ရည်မှန်းချက်တာဝန်များကို သတ်မှတ်ကာလအတွင်း အောင်မြင်အောင်ဆောင်ရွက်ခြင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖွဲ့ သို့မဟုတ် ခရိုင်အဖွဲ့၊ မြို့နယ်အဖွဲ့တို့ကို ကြီးကြပ်ခြင်း။

(ဃ) ဗဟိုအဖွဲ့ကပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၁၀။ ဗဟိုအဖွဲ့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖွဲ့ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က) ဥက္ကဋ္ဌ — ဥက္ကဋ္ဌ

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့

( ခ ) တပ်နယ်မှူး သို့မဟုတ် တပ်မှူး — အဖွဲ့ဝင်

သက်ဆိုင်ရာတပ်နယ်၊ သက်ဆိုင်ရာနယ်မြေခံတပ်ရင်း/တပ်ဖွဲ့

( ဂ ) ဒေသရဲကွပ်ကဲမှုအဖွဲ့မှူး — အဖွဲ့ဝင်

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖွဲ့

(ဃ) ခရိုင်ဦးစီးမှူး — အဖွဲ့ဝင်

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

( င ) မြို့နယ်အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်

သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

( စ ) ညွှန်ကြားရေးမှူး အတွင်းရေးမှူး

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၁၁။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြို့နယ်အဖွဲ့က တင်ပြလာသော လျှောက်လွှာများအပေါ် ၎င်း၏ သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့သို့ ဆက်လက်တင်ပြခြင်း။

( ခ) ဆေးစစ်ဆေးရေးဘုတ်အဖွဲ့များက ပြည်သူ့စစ်မှုထမ်းရန် ဆင့်ခေါ်ခြင်းခံရသူများအား ဆေးစစ်ဆေးခြင်းကို ပူးပေါင်းဆောင်ရွက်ခြင်း။

( ဂ) ဗဟိုအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့တို့က အခါအားလျော်စွာ ညွှန်ကြားသည့် လမ်းညွှန်ချက်များကို တိကျစွာလိုက်နာ အကောင်အထည်ဖော်ခြင်း။

(ဃ) ဗဟိုအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့တို့က ချမှတ်ပေးထားသော ရည်မှန်းချက်တာဝန်များကို သတ်မှတ်ကာလအတွင်း အောင်မြင်အောင် ဆောင်ရွက်ခြင်းနှင့် မြို့နယ်အဖွဲ့တို့ကို ကြီးကြပ်ခြင်း။

(င) ဗဟိုအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့တို့က ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၁၂။ ဗဟိုအဖွဲ့သည် ခရိုင်အဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က) ခရိုင်အုပ်ချုပ်ရေးမှူး ဥက္ကဋ္ဌ

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

( ခ ) တပ်နယ်မှူး သို့မဟုတ် တပ်မှူး အဖွဲ့ဝင်

သက်ဆိုင်ရာတပ်နယ်၊ သက်ဆိုင်ရာနယ်မြေခံတပ်ရင်း/တပ်ဖွဲ့

( ဂ ) ခရိုင်ရဲတပ်ဖွဲ့မှူး အဖွဲ့ဝင်

ခရိုင်ရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့

( ဃ ) ခရိုင်ဦးစီးမှူး အဖွဲ့ဝင်

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(င) တပ်မတော်မှအရာရှိတစ်ဦး အဖွဲ့ဝင်
သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်က တာဝန်ပေးအပ်သူ

(စ) မြို့နယ်အုပ်ချုပ်ရေးမှူး အဖွဲ့ဝင်
သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဆ) ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး အတွင်းရေးမှူး
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၁၃။ ခရိုင်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြို့နယ်အဖွဲ့ကတင်ပြလာသော လျှောက်လွှာများအပေါ် ၎င်း၏ သဘောထားမှတ်ချက်နှင့်အတူ နေပြည်တော်အဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့သို့ ဆက်လက်တင်ပြခြင်း။

(ခ) ဆေးစစ်ဆေးရေးဘုတ်အဖွဲ့များက ပြည်သူ့စစ်မှုထမ်းရန် ဆင့်ခေါ်ခြင်းခံရသူများအား ဆေးစစ်ဆေးခြင်းကို ပူးပေါင်းဆောင်ရွက်ခြင်း။

(ဂ) ဗဟိုအဖွဲ့၊ နေပြည်တော်အဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့တို့က ချမှတ်ပေးထားသော ရည်မှန်းချက်တာဝန်များကို သတ်မှတ်ကာလအတွင်း အောင်မြင်အောင်ဆောင်ရွက်ခြင်း။

(ဃ) ဗဟိုအဖွဲ့၊ နေပြည်တော်အဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့တို့က အခါအားလျော်စွာ ညွှန်ကြားသည့် လမ်းညွှန်ချက်များကို တိကျစွာ လိုက်နာအကောင်အထည်ဖော်ခြင်း။

(င) ဗဟိုအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့တို့က ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၁၄။ ဗဟိုအဖွဲ့သည် မြို့နယ်အဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က) မြို့နယ်အုပ်ချုပ်ရေးမှူး ဥက္ကဋ္ဌ
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ခ) တပ်မတော်မှအရာရှိတစ်ဦး အဖွဲ့ဝင်
သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်က တာဝန်ပေးအပ်သူ

(ဂ) မြို့နယ်ရဲတပ်ဖွဲ့မှူး အဖွဲ့ဝင်
မြို့နယ်ရဲတပ်ဖွဲ့

(ဃ) မြို့နယ်ဦးစီးမှူး အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(င) အုပ်ချုပ်ရေးမှူး အဖွဲ့ဝင်
ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု

(စ) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အတွင်းရေးမှူး

၁၅။ မြို့နယ်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စစ်မှုထမ်းရမည့် အသက်အရွယ်ရောက်သူများစာရင်းကို ကောက်ယူပြုစုရန် စာရင်းပြုစုရေးအဖွဲ့ကို ဖွဲ့စည်းပေးခြင်း။

(ခ) မြို့နယ်အတွင်းရှိဥပဒေအရ စစ်မှုထမ်းရမည့်အသက်အရွယ်ရောက်သူ နိုင်ငံသားတိုင်းကို ဆင့်ခေါ်၍မှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ ဆေးစစ်ရန် ဆင့်ခေါ်ခြင်းတို့ကို မူဝါဒ၊ လမ်းညွှန်ချက်၊ သက်ဆိုင်ရာဥပဒေတို့နှင့်အညီ အချိန်မီဆောင်ရွက်ခြင်း။

(ဂ) ပြည်သူ့စစ်မှုထမ်းရန် ဆင့်ခေါ်ခြင်းခံရသူများအား ဆေးစစ်ဆေးခြင်းကို ဆေးစစ်ဆေးရေးဘုတ်အဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း။

(ဃ) ဆင့်ခေါ်ခံရသည့် စစ်မှုထမ်းရမည့် အသက်အရွယ်ရောက်သူက ကင်းလွတ်ခွင့်၊ ကာလအပိုင်းအခြားလျှော့ပေါ့ခွင့်၊ ရွှေ့ဆိုင်းခွင့်အတွက် လျှောက်လွှာတင်ပြလာမှုများကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ လိုအပ်ချက်များပြန်လည်တောင်းခံခြင်းများကို အချိန်မီဆောင်ရွက်ပြီး လျှောက်လွှာပါ အချက်အလက်များ မှန်၊ မမှန် စာရင်းပြုစုရေးအဖွဲ့ကို စိစစ်စေပြီး ယင်းတို့၏ တင်ပြချက်အပေါ် မူတည်၍ မိမိ၏သဘောထားမှတ်ချက်နှင့်အတူ လျှောက်လွှာများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖွဲ့ သို့မဟုတ် ခရိုင်အဖွဲ့သို့ ဆက်လက်တင်ပြခြင်း။

(င) ဗဟိုအဖွဲ့၊ နေပြည်တော်အဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖွဲ့နှင့် ခရိုင်အဖွဲ့တို့က အခါအားလျော်စွာ ညွှန်ကြားသည့်လမ်းညွှန်ချက်များကို တိကျစွာ လိုက်နာအကောင်အထည်ဖော်ခြင်း။

(စ) ဗဟိုအဖွဲ့၊ နေပြည်တော်အဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖွဲ့ သို့မဟုတ် ခရိုင်အဖွဲ့တို့က ချမှတ်ပေးထားသော ရည်မှန်းချက်တာဝန်များကို သတ်မှတ်ကာလအတွင်း အောင်မြင်အောင် ဆောင်ရွက်ခြင်း။

(ဆ) ဗဟိုအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖွဲ့ သို့မဟုတ် ခရိုင်အဖွဲ့တို့က ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း(၄)

## စာရင်းပြုစုခြင်းနှင့် မှတ်ပုံတင်ခြင်း

၁၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည်-

(က) မိမိရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် နေထိုင်သော နိုင်ငံသားများအနက် ဥပဒေအာဏာမတည်မီ တစ်ဆက်တည်းဖြစ်ခဲ့သောနှစ်၏ ဒီဇင်ဘာလ ၃၁ ရက်တွင် စစ်မှုထမ်းရမည့် အသက်အရွယ်ရောက်သူများ၏စာရင်းကို စာရင်းပြုစုရေးအဖွဲ့နှင့်အတူ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီ၏စာရင်းကိုအခြေခံ၍ ကောက်ယူပြုစုပြီး ဗဟိုအဖွဲ့က သတ်မှတ်ပေးသည့်နေ့ရက်တွင် ပုံစံ(၁) ဖြင့် မြို့နယ်အဖွဲ့သို့ အရောက်ပေးပို့ရမည်။

( ခ ) နှစ်စဉ် ဒီဇင်ဘာလ ၃၁ ရက်တွင် စစ်မှုထမ်းရမည့် အသက်အရွယ်ရောက်သူများ၏ စာရင်းကို စာရင်းပြုစုရေးအဖွဲ့နှင့်အတူ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီ၏ စာရင်းကိုအခြေခံ၍ ကောက်ယူပြုစုပြီး မြို့နယ်အဖွဲ့သို့ **ပုံစံ (၁)** ဖြင့် နှစ်စဉ် သတ်မှတ်ရက်အရောက် ပြုစုပေးပို့ရမည်။

၁၇။ မြို့နယ်အဖွဲ့သည်-

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက ပေးပို့လာသည့် စစ်မှုထမ်းရန် အသက်အရွယ်ရောက်သူများစာရင်း {ပုံစံ(၁)}တွင် ပါဝင်သူများကို မှတ်ပုံတင်ရန် ဆင့်ခေါ်စာ **ပုံစံ(၂)** ဖြင့်ဆင့်ခေါ်ရမည်။

( ခ) ဆင့်ခေါ်ခြင်းခံရသူများအား **ပုံစံ(၃-က)** တွင် ဖြည့်စွက်၍ လက်မှတ်ရေးထိုးစေရမည်။

( ဂ) ဆင့်ခေါ်ခြင်းခံရသူ၏ကိုယ်စား မှတ်ပုံတင်စာရင်းရေးသွင်းမည့်သူအား **ပုံစံ(၃-ခ)** တွင်ဖြည့်စွက်စေ၍မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။

(ဃ) မှတ်ပုံတင်စာရင်းသွင်းမှုကို ပုံစံ (၄-က)၊ ပုံစံ(၄-ခ)၊ ပုံစံ(၄-ဂ)၊ ပုံစံ (၄-ဃ) တို့ဖြင့် ရေးသွင်းရမည်။

( င) မှတ်ပုံတင်စာရင်းသွင်းပြီးသူများကို **ပုံစံ(၅)** ဖြင့် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

၁၈။ မြို့နယ်အဖွဲ့သည် မှတ်ပုံတင်စာရင်းကို အောက်ပါအတိုင်း ပုံစံ (၄-က)၊ ပုံစံ(၄-ခ)၊ ပုံစံ (၄-ဂ)၊ ပုံစံ (၄-ဃ)အဖြစ် သီးခြားစီခွဲ၍ စာရင်းပြုစုရမည် -

(က) ပြည်သူ့စစ်မှုထမ်းရန် မိမိဆန္ဒအလျောက် ဆန္ဒပြုသူများ။ (ပုံစံ ၄-က)

( ခ) ဥပဒေပုဒ်မ ၂၂ အရ ကင်းလွတ်ခွင့်ရရှိသူ အမျိုးအစားနှင့် ပုဒ်မ ၁၅ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) မှ (၆) ထိတို့အရ ယာယီရွှေ့ဆိုင်းခွင့် လျှောက်ထားနိုင်သူအမျိုးအစားတို့တွင် အကျုံးမဝင်သူများ။ (ပုံစံ ၄-ခ)

( ဂ) ဥပဒေပုဒ်မ ၁၅ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) မှ (၆) ထိတို့အရ ယာယီရွှေ့ဆိုင်းခွင့် လျှောက်ထားနိုင်သူ အမျိုးအစားတွင် အကျုံးဝင်သူများ။ (ပုံစံ ၄-ဂ)

(ဃ) ဥပဒေပုဒ်မ ၂၂ အရ ကင်းလွတ်ခွင့်ရရှိသူအမျိုးအစားတွင် အကျုံးဝင်သူများ။ (ပုံစံ ၄-ဃ)

၁၉။ မြို့နယ်အဖွဲ့သည် နည်းဥပဒေ ၁၆(က)အရ ပေးပို့သော ပုံစံ (၁) ၊ နည်းဥပဒေ ၁၇(ဃ) နှင့် နည်းဥပဒေ ၁၈ အရ ပြုစုထားသည့် ပုံစံ(၄-က)၊ ပုံစံ(၄-ခ)၊ ပုံစံ(၄-ဂ)၊ ပုံစံ (၄-ဃ)တို့ကို နည်းဥပဒေ ၁၈ နှင့်အညီ စာရင်းပြုစုသည့်နေ့မှ သတ်မှတ်ရက်အတွင်း သက်ဆိုင်ရာ နေပြည်တော်အဖွဲ့ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတစ်ဆင့် ဗဟိုအဖွဲ့သို့ ပေးပို့ရမည်။

၂၀။ ဗဟိုအဖွဲ့သည် နည်းဥပဒေ ၁၉ အရ ပေးပို့သောစာရင်းကို နည်းဥပဒေ ၁၈ ပါ အစီအစဉ်နှင့်အညီစိစစ်ပြီး ဆေးစစ်ဆေးရန် ဆင့်ခေါ်ရမည့်သူအရေအတွက်ကို သတ်မှတ်၍ မြို့နယ်အဖွဲ့သို့ အဆိုပါစာရင်းလက်ခံရရှိသည့်နေ့မှ သတ်မှတ်ရက်အတွင်း ပေးပို့ရမည်။

## အခန်း(၅)

## ဆေးစစ်ဆေးခြင်းနှင့် စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့် ပြုရန်ဖြစ်စေ၊ စစ်မှုထမ်းရမည့်ကာလ အပိုင်းအခြားကို လျှော့ပေါ့ပေးရန်ဖြစ်စေ၊ သီးခြားဖော်ပြထားသော ကာလအပိုင်းအခြားအထိ ရွှေ့ဆိုင်းရန်ဖြစ်စေ လျှောက်ထားခြင်း

၂၁။ မြို့နယ်အဖွဲ့သည်-

(က) မှတ်ပုံတင်စာရင်းသွင်းထားသူများအနက်မှ ဗဟိုအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ သတ်မှတ်အရေအတွက်ကို ဆေးစစ်ဆေးရန် ဆင့်ခေါ်စာ **ပုံစံ(၆)**ဖြင့် ဆင့်ခေါ်ရမည်။

( ခ) ဆေးစစ်ဆေးခြင်းကို ဆေးစစ်ဆေးရေးဘုတ်အဖွဲ့ဖြင့် စစ်ဆေးရမည်။

၂၂။ စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မီကြောင်း သက်ဆိုင်ရာ ဆေးစစ်ဆေးရေး ဘုတ်အဖွဲ့၏ အတည်ပြုချက်ရသည့်နေ့မှစ၍ သတ်မှတ်ရက်အတွင်း ဆင့်ခေါ်ခြင်းခံရသူသည် မိမိအား စစ်မှုထမ်းခြင်းမှကင်းလွတ်ခွင့်ပြုရန် လျှောက်ထားလိုပါက **ပုံစံ(၇-က)**ဖြင့်ဖြစ်စေ၊ စစ်မှုထမ်းရမည့်ကာလ အပိုင်းအခြားကိုလျှော့ပေါ့ပေးရန် လျှောက်ထားလိုပါက **ပုံစံ(၇-ခ)**ဖြင့်ဖြစ်စေ၊ သီးခြားဖော်ပြထားသောကာလအပိုင်းအခြားအထိ ရွှေ့ဆိုင်းရန် လျှောက်ထားလိုပါက **ပုံစံ(၇-ဂ)**ဖြင့်ဖြစ်စေ အကြောင်းပြချက်များကို ဖော်ပြ၍ အထောက်အထားစာရွက်စာတမ်းများပူးတွဲလျက် မြို့နယ်အဖွဲ့သို့ လျှောက်ထားရမည်။

၂၃။ (က) မြို့နယ်အဖွဲ့သည် လျှောက်ထားတင်ပြချက်များ ပြည့်စုံမှန်ကန်မှုရှိရန် စိစစ်ပြီး လျှောက်ထားသူ၏ ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ဆေးစစ်ဆေးတွေ့ရှိချက်၊ မိမိ၏ စိစစ်တွေ့ရှိ ချက်နှင့် သဘောထားမှတ်ချက်တို့ကို ပူးတွဲလျက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖွဲ့ သို့မဟုတ် ခရိုင်အဖွဲ့သို့ သတ်မှတ်ရက်အတွင်း ဆက်လက်တင်ပြရမည်။

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖွဲ့ သို့မဟုတ် ခရိုင်အဖွဲ့သည် မြို့နယ်အဖွဲ့က တင်ပြလာသော လျှောက်လွှာများကို မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ မြို့နယ်အဖွဲ့မှတင်ပြသည့် လျှောက်လွှာ လက်ခံရရှိသည့်နေ့မှစ၍ သတ်မှတ်ရက်အတွင်း နေပြည်တော်အဖွဲ့ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့သို့ ဆက်လက်တင်ပြရမည်။

၂၄။ နေပြည်တော်အဖွဲ့ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖွဲ့ သို့မဟုတ် ခရိုင်အဖွဲ့တို့မှ တင်ပြသည့် လျှောက်လွှာများကို စိစစ်ပြီး မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖွဲ့ သို့မဟုတ် ခရိုင်အဖွဲ့မှ တင်ပြသည့် လျှောက်လွှာလက်ခံ ရရှိသည့်နေ့မှစ၍ သတ်မှတ်ရက်အတွင်း ဗဟိုအဖွဲ့သို့ တင်ပြရမည်။

၂၅။ ဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုကြောင်း ခွင့်ပြုမိန့်ကို **ပုံစံ (၈-က)** ဖြင့်လည်းကောင်း၊ သို့မဟုတ် ပြည်သူ့စစ်မှုထမ်းရမည့် ကာလအပိုင်းအခြားကို လျှော့ပေါ့ပေးကြောင်း ခွင့်ပြုမိန့်ကို **ပုံစံ (၈-ခ)** ဖြင့်လည်းကောင်း၊ သို့မဟုတ် သီးခြားဖော်ပြထားသည့် ကာလအပိုင်းအခြားတစ်ခုအထိ ရွှေ့ဆိုင်းပေးကြောင်းခွင့်ပြုမိန့်ကို **ပုံစံ (၈-ဂ)** ဖြင့်လည်းကောင်း နည်းဥပဒေ ၂၄ အရ တင်ပြသည့်လျှောက်လွှာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ရက်အတွင်း လျှောက်ထားသူထံ အကြောင်းကြားပြီး သက်ဆိုင်ရာမြို့နယ်အဖွဲ့ကို မိတ္တူပေးပို့ရမည်။

၂၆။ ဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုရန် သို့မဟုတ် ပြည်သူ့စစ်မှုထမ်းရမည့် ကာလအပိုင်းအခြားကို လျှော့ပေါ့ပေးရန် သို့မဟုတ် သီးခြားဖော်ပြထားသည့် ကာလအပိုင်းအခြားတစ်ခုအထိ ရွှေ့ဆိုင်းပေးရန် လျှောက်ထားမှုကို ငြင်းပယ်သည်ဆိုပါက **ပုံစံ (၉)** ဖြင့် နည်းဥပဒေ ၂၄ အရ တင်ပြသည့်လျှောက်လွှာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ရက်အတွင်း လျှောက်ထားသူထံအကြောင်းကြားပြီး သက်ဆိုင်ရာ မြို့နယ်အဖွဲ့ကို မိတ္တူပေးပို့ရမည်။

၂၇။ ဗဟိုအဖွဲ့သည်-

(က) ပြည်သူ့စစ်မှုထမ်းရမည့် ကာလအပိုင်းအခြားကို လျှော့ပေါ့ပေးရန် လျှောက်ထားမှုများနှင့်စပ်လျဉ်း၍ စိစစ်ခွင့်ပြုရာတွင် ထည့်သွင်းစဉ်းစားရမည့် စံနှုန်းများကို သတ်မှတ်ရမည်။

(ခ) သီးခြားဖော်ပြထားသည့် ကာလအပိုင်းအခြားတစ်ခုအထိ ရွှေ့ဆိုင်းရန် လျှောက်ထားမှုများနှင့်စပ်လျဉ်း၍ ဥပဒေပုဒ်မ ၁၅ ပါ သတ်မှတ်ချက်များအပြင် အခါအားလျော်စွာ ကိစ္စရပ်တစ်ခုချင်းအလိုက် စိစစ်ပြီး ရွှေ့ဆိုင်းခွင့်ပြုနိုင်သည်။

၂၈။ ဗဟိုအဖွဲ့သည် ဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ(င) အရ ကင်းလွတ်ခွင့်ပြုနိုင်ရန် ထည့်သွင်းသတ်မှတ်ရမည့် စံနှုန်းများကို အခြေအနေနှင့် လိုအပ်ချက်များအရ အခါအားလျော်စွာ သတ်မှတ်ပြီး ယင်းစံနှုန်းများနှင့်အညီ ကင်းလွတ်ခွင့်အမိန့် ထုတ်ပြန်ရမည်။

## အခန်း(၆)

## အမိန့်စာဆင့်ခေါ်ခြင်း

၂၉။ ဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုရန် သို့မဟုတ် ပြည်သူ့စစ်မှုထမ်းရမည့် ကာလအပိုင်းအခြားကို လျှော့ပေါ့ပေးရန် သို့မဟုတ် သီးခြားဖော်ပြထားသည့် ကာလအပိုင်းအခြားတစ်ခုအထိ ရွှေ့ဆိုင်းပေးရန် လျှောက်ထားချက်ကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း အကြောင်းကြားစာအားလုံးကို လျှောက်ထားသူများထံသို့ အပြီးသတ်ပေးပို့သည့်နေ့မှစ၍ သတ်မှတ်ရက်အတွင်း အမိန့်စာဆင့်ခေါ်ရမည့် လူစာရင်းအား သက်ဆိုင်ရာမြို့နယ်အဖွဲ့သို့ ပြန်လည်ပေးပို့ပြီး မိတ္တူကို အဖွဲ့အသီးသီးသို့ပေးပို့ရမည်။

၃၀။ မြို့နယ်အဖွဲ့သည် ဗဟိုအဖွဲ့က အတည်ပြုပေးသည့်သူများကို အမိန့်စာ**ပုံစံ(၁၀)**ဖြင့် ပေးပို့ရမည်။ အမိန့်စာတွင် အမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ရက်အတွင်း သတင်းပို့ရန်နှင့် သတင်းပို့ရမည့် တပ် သို့မဟုတ် ဌာနကို သတ်မှတ်ပေးရမည်။

**ရှင်းလင်းချက်**။ အမိန့်စာလက်ခံရရှိသည့်နေ့ဆိုသည်မှာ အမိန့်စာဆင့်ခေါ်ခံရသူ ကိုယ်တိုင်ဖြစ်စေ၊ ယင်း၏အတူနေ မိသားစုဝင်တစ်ဦးဦးကဖြစ်စေ သက်သေတစ်ဦး၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုး၍ ဥပဒေပုဒ်မ ၁၀ ပုဒ်မ ခွဲ(ခ)ပါ နည်းလမ်းအတိုင်း ပေးပို့သည့်အမိန့်စာကို လက်ခံရယူသည့်နေ့ ကိုဆိုသည်။

၃၁။ မြို့နယ်အဖွဲ့သည်-

(က) နည်းဥပဒေ ၂၉ အရ အမိန့်စာဆင့်ခေါ်ရမည့် လူစာရင်းအနက် လိုအပ်သည့် အရေအတွက် ပေါ်မူတည်၍ ဆန္ဒပြုသူကို ဦးစားပေးရွေးချယ်ရမည်။

(ခ) ဆန္ဒပြုသူအရေအတွက်သည် လိုအပ်သည့်အရေအတွက်မပြည့်မီလျှင် မဲနှိုက်ရွေးချယ်သည့် နည်းလမ်းဖြင့်ဖြစ်စေ၊ ဗဟိုအဖွဲ့က သတ်မှတ်ပေးသည့် နည်းလမ်းဖြင့်ဖြစ်စေ ရွေးချယ်ရမည်။

(ဂ) မိသားစုတစ်စုအတွင်းတွင် ပြည်သူ့စစ်မှုထမ်းရန် အကျုံးဝင်သူ တစ်ဦးထက် ပိုပါက တစ်ဦးတာဝန်ထမ်းဆောင်ပြီးမှ ကျန်သူများကို အလှည့်ကျ ဆင့်ခေါ်ရမည်။

၃၂။ ရွေးချယ်ခံရသူများကို တပ်မတော်ပုံစံ (ရေး-၅၅)ဖြင့် လက်ခံခွင့်ပြုသည့်နေ့တွင် ပြည်သူ့စစ်မှုထမ်းအဖြစ် စာရင်းသွင်း တပ်ဝင်စာချုပ် ချုပ်ဆိုရမည်။

၃၃။ (က) ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ(က)အရ စစ်မှုထမ်းရမည့် အသက်အရွယ်ရောက်သူ နိုင်ငံသားတိုင်းကို မှတ်ပုံတင်စာရင်းသွင်းရန် ဆင့်ခေါ်ခြင်းခံရသူသည် လာရောက်သတင်းပို့ရန် ပျက်ကွက်ပါက မြို့နယ်အဖွဲ့သည် ပျက်ကွက်သူ၏ မိသားစုထံ သွားရောက် စုံစမ်းစစ်ဆေးရမည်။ ပျက်ကွက်သူ၏ မိသားစုဝင်တစ်ဦးဦးသည် ဆင့်ခေါ်ခြင်းခံရသူမှာ မည်သည့်အကြောင်းကြောင့် ပျက်ကွက်နေသည် သို့မဟုတ် မည်သည့်နေရာဒေသသို့ ရောက်ရှိနေသည်ကို ခိုင်လုံသည့်အထောက်အထားများနှင့်အတူတင်ပြ၍ ကိုယ်စားမှတ်ပုံတင်စာရင်းသွင်းရန် သတင်းပို့ရမည်။

(ခ) ပျက်ကွက်နေသူ၏ မိသားစုဝင်တစ်ဦးဦးက နည်းဥပဒေခွဲ(က)ကို လိုက်နာခြင်း မရှိလျှင်ဖြစ်စေ ခိုင်လုံသော အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိလျှင်ဖြစ်စေ သတင်းပို့ရန် ပျက်ကွက်နေသူသည် ပြည်သူ့စစ်မှုထမ်းခြင်းကို ရှောင်လွှဲခြင်းဖြင့် ဥပဒေပုဒ်မ ၂၃ ပုဒ်မခွဲ(က)ကို ဖောက်ဖျက်ကျူးလွန်သည်ဟု မှတ်ယူရမည်။

## အခန်း(၇)

## ဆေးစစ်ဆေးရေးဘုတ်အဖွဲ့များဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၃၄။ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးသည် ဆေးစစ်ဆေးရေးဘုတ်အဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၃၅။ ဆေးစစ်ဆေးရေးဘုတ်အဖွဲ့များသည် တပ်ဝင်ဆေးစစ်ရန် ကန့်သတ်ချက်ရှိသော မြို့နယ်များတွင် ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ ဆေးရုံများသို့သွားရောက်၍ ဆေးစစ်ခြင်းကို ဆောင်ရွက်နိုင်သည်။

၃၆။ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးသည် မြို့နယ်အဖွဲ့က ဆေးစစ်ဆေးရန် ဆင့်ခေါ်ခြင်းခံရသူများအား သတ်မှတ်ထားသော တပ်မတော်ဆေးရုံ သို့မဟုတ် ဆေးတပ်ရင်းများမှ ဆေးစစ်ဆေးရေးဘုတ်အဖွဲ့များဖြင့် စစ်ဆေးပြီးနောက် တင်ပြလာသော ဆေးအဆင့်သတ်မှတ်ချက်များကို စိစစ်ခြင်း၊ အတည်ပြုခြင်းများ ဆောင်ရွက်ရမည်။

၃၇။ ဆေးစစ်ဆေးရေးဘုတ်အဖွဲ့များသည် ဆေးစစ်ဆေးတွေ့ရှိချက်များကို သတ်မှတ်နည်းလမ်းများအတိုင်း အဆင့်ဆင့်တင်ပြ၍ ဗဟိုအဖွဲ့၏ အတည်ပြုချက်ကို ရယူရမည်။

၃၈။ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးသည် ဗဟိုအဖွဲ့နှင့် ညှိနှိုင်း၍ ဆေးစစ်ဆေးပေးရမည့် နေ့ရက်နှင့် နေရာတို့ကို သတ်မှတ်ပေးရမည်။

## အခန်း(၈)

## ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များ

၃၉။ (က) ပြည်သူ့စစ်မှုထမ်းတစ်ဦးသည် စစ်မှုထမ်းဆောင်နေသည့် ကာလအတွင်း ၎င်း၏ တာဝန်ထမ်းဆောင်သည့် အဆင့်အလိုက် တပ်မတော်တွင် သတ်မှတ်ထားသည့် စစ်မှုထမ်းစည်းမျဉ်းများနှင့်အညီ လစာနှင့်စရိတ်ကို ခံစားခွင့်ရရှိစေရမည်။

(ခ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက နိုင်ငံ့ဝန်ထမ်းအဖြစ် မိမိရရှိသောလစာနှင့် တပ်မတော်တွင် ရရှိမည့် လစာနှင့်စရိတ်အနက် နှစ်သက်ရာကို ခံစားခွင့်ရှိသည်။

၄၀။ ပြည်သူ့စစ်မှုထမ်းတစ်ဦးသည် စစ်မှုထမ်းတာဝန် ထမ်းဆောင်နေစဉ်အတွင်း ကျဆုံးခြင်း၊ သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းများရှိခဲ့ပါက ယင်းကဲ့သို့ ဖြစ်ပွားခြင်းသည် တာဝန်ဝတ္တရားထမ်းဆောင်ခြင်းနှင့် အကျုံးဝင်ပါက တပ်မတော်တွင် သတ်မှတ်ထားသည့် စစ်မှုထမ်းစည်းမျဉ်းများနှင့်အညီ အကျိုးခံစားခွင့်များကို ရရှိစေရမည်။

၄၁။ (က) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် ဥပဒေအရ သတ်မှတ်ကာလ ပြည့်သည်အထိ တာဝန်ထမ်းဆောင်ပြီးနောက် မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်လိုပါက သတ်မှတ်သည့် စစ်မှုထမ်းကာလမပြည့်မီ ၃ လ

ကြိုတင်၍ **ပုံစံ(၁၁)** ဖြင့်တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မှတစ်ဆင့် လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ရေးချုပ်ရုံးသို့ လျှောက်ထားရမည်။

( ခ) စစ်ရေးချုပ်ရုံးသည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကို လက်ခံရရှိပါက သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စစ်မှုထမ်းခွင့်ပြုနိုင်ပြီး ယင်းသို့ခွင့်ပြုပါက ထိုသူ၏ စစ်မှုထမ်းသက်ကို ရေတွက်ရာတွင် ပြည်သူ့စစ်မှုထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့်ကာလကို ထည့်သွင်းရေတွက်ရမည်။

၄၂။ (က) နိုင်ငံ့ဝန်ထမ်းတစ်ဦးသည်ပြည်သူ့စစ်မှုထမ်းအဖြစ် သတ်မှတ်ကာလ ပြည့်သည်အထိ တာဝန်ထမ်းဆောင်ပြီးနောက် မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်ရန် လျှောက်ထားသည့်အခါ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်း၏ သဘောတူညီချက်ဖြင့် လျှောက်ထားရမည်။

( ခ) နည်းဥပဒေခွဲ(က)အရ လျှောက်ထား၍ တပ်မတော်တွင် တာဝန်ထမ်းဆောင်ခွင့်ရရှိပါက မူလတာဝန်ထမ်းဆောင်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းလုပ်သက်ကို ယင်း၏အမှုထမ်းသက်တွင် ထည့်သွင်းရေတွက်ခွင့်ရှိသည်။

၄၃။ (က) ကာကွယ်ရေးဝန်ကြီးဌာနသည် ပြည်သူ့စစ်မှုထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းတစ်ဦးအား ယင်းတာဝန်ထမ်းဆောင်နေသည့် ကာလကို တာဝန်ချိန်အဖြစ် သတ်မှတ်ခြင်း၊ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း နိုင်ငံ့ဝန်ထမ်း၏ ခံစားခွင့်သတ်မှတ်ခြင်းနှင့် အဆိုပါဝန်ထမ်း၏ စွမ်းဆောင်ရည်အပေါ်မူတည်၍ ချီးမြှင့်ခြင်းတို့ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်း၍ သတ်မှတ်ပေးရမည်။

(ခ) ကာကွယ်ရေးဝန်ကြီးဌာနသည် ပြည်သူ့စစ်မှုထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းတစ်ဦးအား ရာထူးတိုးမြှင့်ရေးအတွက် ရေးဖြေစာမေးပွဲဖြေဆိုရန်နှင့် လူတွေ့စစ်ဆေးရန်ရှိပါက အဆိုပါ ရေးဖြေစာမေးပွဲ ဖြေဆိုခြင်းနှင့် လူတွေ့စစ်ဆေးခြင်းတို့ကို ကင်းလွတ်ခွင့်ပြု၍ ရာထူးတိုးမြှင့်ပေးနိုင်ရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းသတ်မှတ်ပေးရမည်။

၄၄။ အလုပ်သမားတစ်ဦးသည် ပြည်သူ့စစ်မှုထမ်းအဖြစ် တာဝန်ထမ်းဆောင်ရသည့်အခါ ယင်းအလုပ်သမား၏ အလုပ်ရှင်သည် အလုပ်သမားအတွက် အခကြေးငွေကို သက်ဆိုင်ရာဝန်ကြီးဌာနက သတ်မှတ်ပြဋ္ဌာန်းထားသည့်ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆောင်ရွက်ပေးရမည်။

၄၅။ ပြည်သူ့စစ်မှုထမ်းကာလပြည့်မြောက်သည့် အလုပ်သမားတစ်ဦးက မူလအလုပ်လုပ်ကိုင်ခဲ့သည့် အလုပ်ရှင်ထံသို့ ပြန်လည်သတင်းပို့သည့်အခါ အလုပ်ရှင်သည် ယင်းအလုပ်သမားအား မူလအလုပ်အကိုင်ကိုဖြစ်စေ၊ မူလအလုပ်အကိုင်တွင် ပြန်လည်ခန့်ထားရန် အခက်အခဲရှိသည့်အခါ အလားတူအလုပ်အကိုင်တွင်ဖြစ်စေ ခန့်ထားနိုင်ရေးအတွက် ဗဟိုအဖွဲ့သည် အလုပ်သမားဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၄၆။ ဗဟိုအဖွဲ့သည် အရေးပေါ်ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာဘွဲ့များနှင့် အခြားခန့်အပ်လိုသူများအတွက် အရည်အချင်းများကို သတ်မှတ်ပေးရမည်။

၄၇။ ပြည်သူ့စစ်မှုထမ်းတစ်ဦးသည် ဥပဒေအရ သတ်မှတ်ကာလ ပြည့်မြောက်အောင် တာဝန်ထမ်းဆောင်ပြီးသည့်အခါ အဆိုပါ ပြည်သူ့စစ်မှုထမ်း တာဝန်ထမ်းဆောင်ခဲ့သည့် တပ်၊ ဌာနသည် ပြည်သူ့စစ်မှုထမ်းတာဝန် ပြီးမြောက်ကြောင်း လက်မှတ်ကို **ပုံစံ(၁၂)**ဖြင့် ထုတ်ပေးရမည်။

၄၈။ ပြည်သူ့စစ်မှုထမ်းအဖြစ် သတ်မှတ်ကာလပြည့်သည်အထိ တာဝန်ထမ်းဆောင်ခဲ့သူသည် နိုင်ငံတော်ကချီးမြှင့်သည့် ထိုက်သင့်သော ချီးမြှင့်မှုကို ခံစားခွင့်ရှိသည်။

## အခန်း (၉)

## စစ်စည်းရုံးခြင်း

၄၉။ နိုင်ငံတော်၏ဒေသအချို့တွင်လည်းကောင်း၊ နိုင်ငံတော်တစ်ဝန်းလုံးတွင်လည်းကောင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် အရေးပေါ်အခြေအနေ ပေါ်ပေါက်၍ ပြည်ထောင်စုအစိုးရက စစ်မှုထမ်းရန်အရွယ်ရောက်သူအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ၊ ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ပြီးသူ အားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ သင့်လျော်သည့် ဒေသတွင် စစ်စည်းရုံးခြင်းအမိန့်ထုတ်ဆင့်သည့်အခါ ဗဟိုအဖွဲ့သည် သက်ဆိုင်ရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့အဆင့်ဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

## အခန်း(၁၀)

## အထွေထွေ

၅၀။ ဆေးစစ်အောင်မြင်ပြီးသူသည် ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုရန်ဖြစ်စေ၊ ပြည်သူ့စစ်မှုထမ်းရမည့် ကာလအပိုင်းအခြားကို လျှော့ပေါ့ပေးရန်ဖြစ်စေ၊ သီးခြားဖော်ပြထားသည့် ကာလအပိုင်းအခြားတစ်ခုအထိ ရွှေ့ဆိုင်းရန်ဖြစ်စေ လျှောက်ထားခဲ့ပါက ယင်းလျှောက်ထားမှုအပေါ် ဗဟိုအဖွဲ့ထံမှ ခွင့်ပြုမိန့်မရမီ ပြည်ပနိုင်ငံများသို့ ထွက်ခွာခွင့်မရှိစေရ။

၅၁။ အမိန့်စာကို ရရှိသူသည် ဗဟိုအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ ပြည်ပနိုင်ငံများသို့ ထွက်ခွာခွင့်မရှိစေရ။

၅၂။ ဗဟိုအဖွဲ့သည် နည်းဥပဒေ ၅၀ နှင့် ၅၁ တို့တွင် အကျုံးဝင်သူများစာရင်းကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများသို့ ပေးပို့ရမည်။

၅၃။ ပြည်သူ့စစ်မှုထမ်းဆောင်ရသူတစ်ဦးဦးသည် နိုင်ငံရေးပါတီတစ်ခုခု၏အဖွဲ့ဝင်ဖြစ်ပါက ပြည်သူ့စစ်မှုထမ်းဆောင်နေစဉ်ကာလအတွင်း သက်ဆိုင်ရာပါတီမှ နုတ်ထွက်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

၅၄။ တပ်အင်အားဖြည့်တင်းရေးညွှန်ကြားရေးမှူးရုံးသည် နည်းဥပဒေ ၃၂ အရ တပ်မတော်ပုံစံ(ရေး-၅၅)ဖြင့် ပြည်သူ့စစ်မှုထမ်းအဖြစ် စာရင်းသွင်း၍ တပ်ဝင်စာချုပ် ချုပ်ဆိုခြင်းကို ဆောင်ရွက်ရမည်။

၅၅။ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံးသည် နည်းဥပဒေ ၃၂ အရ လက်ခံစာရင်းသွင်းပြီးသူ ပြည်သူ့စစ်မှုထမ်းများ၏ လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရမည်။

၅၆။ စစ်ရေးချုပ်ရုံးသည် လေ့ကျင့်ရေးကာလပြီးမြောက်သည့် ပြည်သူ့စစ်မှုထမ်းများအား တပ်နေရာချထားရေးဆိုင်ရာ ကိစ္စရပ်များကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ သဘောတူခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

၅၇။ စစ်ရာထူးခန့်ချုပ်ရုံးသည် ပြည်သူ့စစ်မှုထမ်းများကို အရေးပေါ် ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်ရန် လိုအပ်ပါက ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ သဘောတူခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

၅၈။ မြို့နယ်အဖွဲ့ကသော်လည်းကောင်း၊ ယင်းအဖွဲ့က တာဝန်ပေးအပ်သော ပုဂ္ဂိုလ်ကသော်လည်းကောင်း ဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅ နှင့် ၂၆ တို့ပါ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ခုခုကို

တစ်ဦးတစ်ယောက်က ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်လှစ်တိုင်ကြားရမည်။

၅၉။ ကာကွယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတကာပြည်သူ့စစ်မှုထမ်းဥပဒေနှင့် မြန်မာနိုင်ငံ၏ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အကြောင်းအရာများနှင့်ပတ်သက်၍ ပြည်သူလူထုထံသို့ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန်အတွက် အသိပညာပေးခြင်းများကို အခြေခံပညာကျောင်းများမှအစပြု၍ သင်ရိုးညွှန်းတမ်းများတွင် ဘာသာရပ်တစ်ခုအနေဖြင့် ထည့်သွင်းပို့ချနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်။

xxxxxxxxxxxxxxxxxx

ပြည်ထောင်စုဝန်ကြီး

ကာကွယ်ရေးဝန်ကြီးဌာန

**ပုံစံ(၁)**

**တံဆိပ်**

ရက်စွဲ၊ - -

**-------ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် စစ်မှုထမ်းရမည့် အသက်အရွယ်ရောက်သူများစာရင်း**

----------------ရပ်ကွက်/ကျေးရွာအုပ်စု၊--------------မြို့နယ်၊-----------------------ခရိုင်၊ ---------------နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်

| စဉ် | အမည် | အဘအမည် | မွေးသက္ကရာဇ် (ရက်-လ-ခုနှစ်) | အသက် | ကျား/မ | လူမျိုး/ ကိုးကွယ်သည့် ဘာသာ | နိုင်/ဧည့်/(ပြု) ကတ်အမှတ် | လက်ရှိ နေရပ် | အလုပ်အကိုင် | ပညာ အရည်အချင်း | အိမ်ထောင် ရှိ/မရှိ | သားသမီး ရှိ/မရှိ | အတူနေ မိအိုဖအို ရှိ/မရှိ | ဆက်သွယ်ရန် ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |

**မှတ်ချက်**။ အသက်ကိုရေးသွင်းရာတွင် -------ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ပြည့်မြောက်ခဲ့သည့် အသက်ကို ရေးသွင်းရန်။

လက်မှတ်

-------------------ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး

ပုံစံ(၂)

**စစ်မှုထမ်းရန်အရွယ်ရောက်သူအဖြစ်မှတ်ပုံတင်ရန်ဆင့်ခေါ်စာ**

**မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့**

**-----------------------------မြို့နယ်**

ရက်စွဲ၊ - -

သို့

အမည်၊

အဘအမည်၊

နိုင်ငံသား/ဧည့်နိုင်ငံသား/ နိုင်ငံသား(ပြု) စိစစ်ရေးကတ်အမှတ်၊

နေရပ်၊

အကြောင်းအရာ။ **စစ်မှုထမ်းရန်အသက်အရွယ်ရောက်သူအဖြစ်မှတ်ပုံတင်စာရင်းသွင်းရန် ဆင့်ခေါ်ခြင်း**

၁။ --------------------- ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုက ပေးပို့သည့်စာရင်းအရ အမည်၊-------------အဘအမည်၊--------------------နိုင်ငံသား/ဧည့်နိုင်ငံသား/ နိုင်ငံသား(ပြု) စိစစ်ရေးကတ်အမှတ်၊---------- နေရပ်၊---------------------- သည် ပြည်သူ့စစ်မှုထမ်း ဥပဒေအရ စစ်မှုထမ်းရန်အသက်အရွယ်ပြည့်မြောက်ပြီးသူ ဖြစ်သဖြင့် စစ်မှုထမ်းရန် အသက်အရွယ်ရောက်သူအဖြစ် မှတ်ပုံတင်စာရင်းသွင်းရန်အတွက် -------------------- ရက်နေ့တွင် ----------------------- နေရာသို့ မပျက်မကွက် သတင်းပို့ရမည်။ သတင်းပို့သည့်အခါ နိုင်ငံသား/ ဧည့်နိုင်ငံသား/ နိုင်ငံသား(ပြု) စိစစ်ရေးကတ်အား မပျက်မကွက် ယူဆောင်လာရမည်။

၂။ သတင်းပို့ရန်ပျက်ကွက်ပါက ပြည်သူ့စစ်မှုထမ်းဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

ဥက္ကဋ္ဌ

မြို့နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့

**ပုံစံ (၃-က)**

ဓာတ်ပုံ

**စစ်မှုထမ်းရန်အရွယ်ရောက်သူအဖြစ်**
**မှတ်ပုံတင်စာရင်းသွင်းမည့်သူက ရေးသွင်းရန်ပုံစံ**

တိုင်းဒေသကြီး/ပြည်နယ်၊________________________မြို့နယ်၊________________________________။
ကျေးရွာအုပ်စု/မြို့၊______________________________ကျေးရွာ/ရပ်ကွက်________________________။
လမ်း၊________________________________________အိမ်အမှတ်၊______________________________။
၁။ အမည်၊_______________________________ (အခြားအမည်)________________________။
၂။ မွေးသက္ကရာဇ်(ခရစ်သက္ကရာဇ်ရေးသွင်းရန်)__________ ခုနှစ်၊ ____________လ၊ _______ရက်။
၃။ လူမျိုး၊ ___________ ။ ကိုးကွယ်သည့်ဘာသာ၊ ___________။ ကျား/မ _______________။
၄။ နိုင်ငံသား/ဧည့်နိုင်ငံသား/ နိုင်ငံသား(ပြု) စိစစ်ရေးကတ်အမှတ်၊ ___________________________။
၅။ အလုပ်အကိုင်(ပြည့်စုံစွာရေးသားဖော်ပြရန်)၊_______________________________________________။
၆။ ထင်ရှားသည့်အမှတ်အသား၊___________________________________________________________။
၇။ ပညာအရည်အချင်း၊___________________ ။ လက်ရှိပညာသင်ယူနေမှုအခြေအနေ၊ __________
___________________________________________________________________________________။
၈။ လက်ရှိနေရပ်လိပ်စာ။_________________________________________________________________။
၉။ အမြဲတမ်းနေရပ်လိပ်စာ၊______________________________________________________________။
၁၀။ **ပြည်သူ့စစ်မှုထမ်းအဖြစ် ဦးစားပေးတာဝန်ထမ်းဆောင်ရန် ဆန္ဒပြု/မပြု။** ပြု ☐ မပြု ☐
**(ဆန္ဒပြုသူအရေအတွက်သည် လိုအပ်သည့်အရေအတွက်မပြည့်မီလျှင် ကျန်သူများကို မဲနှိုက်ရွေးချယ်သည့် နည်းလမ်း ဖြင့်ဖြစ်စေ၊ ဗဟိုအဖွဲ့က သတ်မှတ်ပေးသည့်နည်းလမ်းဖြင့်ဖြစ်စေ ရွေးချယ်မည်ဖြစ်သည်)။**
